# မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာလအတွင်း လူကုန်ကူးခံရသူများကို ဝန်ဆောင်မှုပေးသူများ လိုက်နာရမည့် လမ်းညွှန်ချက်

## ရည်ရွယ်ချက်နှင့် အသုံးပြုနည်း

ဤလမ်းညွှန်ချက်၏ ရည်ရွယ်ချက်မှာ လူကုန်ကူးခံရသူများနှင့် တိုက်ရိုက်လုပ်ဆောင်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများအပါအဝင် ဝန်ဆောင်မှုပေးသူများသည် ဝန်ဆောင်မှုများပံ့ပိုးပေးရာတွင် ၎င်းတို့၏ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ကိုဗစ်-၁၉ အခြေအနေများနှင့် ချိန်ထိုးလုပ်ကိုင်နိုင်ရေး မှီငြမ်းအသုံးပြုနိုင်မည့် အညွှန်းတစ်ခုမျှဝေခြင်း ဖြစ်ပါသည်။ ဤလမ်းညွှန်ချက်သည် လူကုန်ကူးခြင်းဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို အလုံးစုံလွှမ်းခြုံနိုင်မှု ရှိလိမ့်မည်မဟုတ်ဘဲ ဤလမ်းညွှန်မှတ်စုကို အသုံးပြုသူများအနေဖြင့် လူကုန်ကူးခြင်း ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှု လမ်းညွှန်ချက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်ထားသူ အကျွမ်းတဝင်ရှိထားပြီးသူများဖြစ်သည်ဟု ယူဆပါသည်။ [၁]

## လူကုန်ကူးခြင်းနှင့် ကိုဗစ်-၁၉

ကိုဗစ်-၁၉ သည် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကူးစက်ဖြစ်ပွားနေသည်ဖြစ်ရာ နိုင်ငံ၏ လုပ်ငန်းယန္တရားများ၊ စီးပွားရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအစရှိသည်တို့ကိုသာမက ကပ်ရောဂါဖြစ်ပွားမှု မရှိခင်အချိန်ကတည်းကပင် ပဋိပက္ခကြောင့်ထိခိုက်ခံစားနေရသော အရပ်ဒေသတွင် နေထိုင်သူများအပါအဝင် မိသားစုများနှင့် လူမှုပတ်ဝန်းကျင်တို့ကို အနှောက်အယှက်အတားအဆီးဖြစ်စေပါသည်။ အစော

[၁] ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်မူဝါဒများတွင် ထိခိုက်နစ်နာမှုမဖြစ်စေခြင်း-စိတ်ဒဏ်ရာတဖန်ဖြစ်ပေါ်စေမှုကို ရှောင်ကြဉ်ခြင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ခြင်း၊ လူကုန်ကူးခံရသူ၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းနှင့် ၎င်း၏ပုဂ္ဂလိကလွပ်လပ်ခွင့်ကို အလေးထားခြင်း၊ လူကုန်ကူးခံရသူက အပြည့်အဝနားလည်သဘောပေါက်စွာဖြင့် လက်ခံသည့် သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူ၏ ဘေးကင်းလုံခြုံမှုနှင့် သက်တောင့်သက်သာဖြစ်စေမှုကို ရေရာသေချာစေခြင်း၊ လူကုန်ကူးခံရသူ ကိုယ်တိုင်ဆုံးဖြတ်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိစေခြင်း၊ စဉ်ဆက်မပြတ် အလုံးစုံစောင့်ရှောက်မှုပေးခြင်းနှင့် ကလေးသူငယ်ဖြစ်ပါက ၎င်း၏အကောင်းဆုံးအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။

ပိုင်းကာလက လူကုန်ကူးခံရနိုင်ခြေနည်းသူများသည်လည်း ကပ်ရောဂါကြောင့် လူကုန်ကူးခံရနိုင်သည့် အလားအလာရှိလာနိုင်ပြီး ယခင်ကတည်းက လူကုန်ကူးမှုဘေးအန္တရာယ်ရှိသည့်အခြေအနေနှင့် ကြုံတွေ့နေရသည့် ထိခိုက်လွယ်သူများအပေါ်တွင် ပိုမိုဆိုးရွားသည့် အခြေအနေကို ဖြစ်စေနိုင်ပါသည်။

## ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြင့်တက်လာသည့် လူကုန်ကူးမှုအန္တရာယ်များ

- ကပ်ရောဂါဖြစ်ပွားမှုသည် လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး မိမိတို့၏လူမှုပတ်ဝန်းကျင်တွင် စနစ်တကျ လုပ်ဆောင်ကြရသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး၊ အလုပ်အကိုင်တည်မြဲရေး သို့မဟုတ် လုပ်ငန်းခွင်အခြေအနေ အစရှိသည်တို့အပေါ်တွင် ထိခိုက်မှု မြင့်မားလာနိုင်ပါသည်။ စီးပွားရေးကျပ်တည်းနေသည့်အချိန်ကာလတွင် ရောဂါဖြစ်ပွားမှုများကြောင့် မလုံခြုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ဖယ်ကျဉ်ခံရမှုတို့ မြင့်မားလာခြင်းသည်လူကုန်ကူးမှုကို ဖြစ်ပေါ်လာစေနိုင်သည့် အဓိကအချက်များ ဖြစ်လာနိုင်ပါသည်။ လူကုန်ကူးခံရသူများ၊ (လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများ) အပါအဝင် ထိခိုက်လွယ်အုပ်စုများနှင့် ယခင်က လူကုန်ကူး ခံရနိုင်ခြေနည်းသူများအကြား ထိခိုက်လွယ်မှု အခြေအနေ မြင့်တက်လာနိုင်ပါသည်။
- အလုပ်လက်မဲ့နှုန်း မြင့်တက်လာခြင်းသည် လာမည့်လများတွင် ပိုမိုဆိုးရွားလာနိုင်ခြေ ရှိသည့်အတွက် အလုပ်သမားများအပေါ်တွင် နောက်ထပ်ဖိစီးမှုများ ဖြစ်လာနိုင်ပြီး အလုပ်ရရှိရေးပြိုင်ဆိုင်မှုများ မြင့်တက်လာနိုင်ပါသည်။ မူရင်းနိုင်ငံများသို့ နိုင်ငံတကာလွှဲပို့ငွေ စီးဝင်မှုများ ကျဆင်းလာနိုင်သည့်အတွက်ကြောင့်လည်း အိမ်ထောင်အများစုမှာ ဆင်းရဲကျပ်တည်းမှုနှင့် ကြုံတွေ့ရခြင်းမျိုး ဖြစ်လာနိုင်ပါသည်။
- (အမျိုးသားနှင့်အမျိုးသမီး)ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့ ရရှိရမည့် လုပ်အားခများ အချိန်မီမရရှိခြင်း၊ အခကြေးငွေ မရရှိဘဲ အလုပ်လုပ်ကိုင်ရခြင်း သို့မဟုတ် ကိုဗစ်-၁၉ ကာလအတွက် အကြံပြုထားသည့် လိုက်နာ

ရန် လိုအပ်သော ရောဂါက ကွယ်ရေး ဆိုင်ရာအစီအမံများ မရှိဘဲ အန္တရာယ် မြင့်မားသည့် အခြေအနေမျိုးတွင် အတင်းအကြပ် အလုပ်လုပ်ကိုင်ရန် စေခိုင်းခံရခြင်း အစရှိသည်တို့ကို ကြုံတွေ့နိုင်ပါသည်။

- ထိခိုက်လွယ်သည့်အုပ်စုများ များပြားလာသည့်အတွက် စုစည်းမှုမရှိသော လုပ်ငန်းများတွင် ပြစ်မှုကျူးလွန်သူများက ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ ပြုလုပ်ရန်အတွက် အခွင့်အလမ်းများ ဖြစ်လာနိုင်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး အကျပ်အတည်းကြောင့် စီးပွားရေး လုပ်ငန်းများတွင် အလုပ်သမားများအပေါ် ခေါင်းပုံ ဖြတ်အမြတ်ထုတ်မှုများ ရှိလာနိုင်ပါသည်။

- အစီအစဉ်တကျ ဖွဲ့စည်းထားသော ရာဇဝတ်မှု ကျူးလွန်သူအဖွဲ့များသည် အစိုးရ ဌာနဆိုင်ရာများအနေဖြင့် ကပ်ရောဂါကြောင့် လုပ်ဆောင်နိုင်သည့် အတိုင်းအတာ အကန့်အသတ်ရှိမှု၊ အလုပ် အကိုင်ဆုံးရှုံးခြင်း နှင့်/ သို့မဟုတ် ဝင်ငွေရရှိမှု အခွင့်အလမ်း နည်းပါးလာခြင်းတို့ကြောင့် ထိခိုက်လွယ်သူအရေအတွက် မြင့်မားလာမှုတို့အပေါ် အခွင့်ကောင်းယူခြင်းလည်း ရှိလာနိုင်ပါသည်။

- သို့ဖြစ်ရာ ကပ်ရောဂါ ဖြစ်ပွားသည့်ကာလတွင် လူကုန်ကူးမှုများ ဖြစ်ပွားနိုင်ပြီး အိမ်နီးချင်းနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းသွားလာသူများထဲတွင် လူကုန်ကူးခံရခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရခြင်းတို့ကြောင့် ထိခိုက်ခံစားခဲ့ရသူများ ပါဝင်လာနိုင်ပါသည်။

- အကျပ်အတည်းကြောင့် တရားဝင်/ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုနှုန်း မြင့်တက်လာနိုင်ပါသည်။ အများးစုမှာ ပုံမှန်မဟုတ်သော နည်းလမ်းဖြင့် ရွှေ့ပြောင်းသွားလာမှု ပြုလုပ်ရန် အခြေအနေမျိုး ကြုံတွေ့နိုင်ဖွယ်ရှိပြီး ၎င်းတို့သည် လူကုန်ကူးခံရနိုင်သည့် အန္တရာယ်နှင့် ကြုံတွေ့နိုင်ခြေရှိပါသည်။

- လူကုန်ကူးသူများသည် အသွင်ပုံသဏ္ဍာန်မျိုးစုံ ဖြစ်နိုင်ပါသည်။ အမျိုးသား သို့မဟုတ် အမျိုးသမီး၊ လူငယ် သို့မဟုတ် လူကြီး သို့မဟုတ် အရွယ်



IOM UN MIGRATION
unicef for every child

မရောက်သေးသူတစ်ဦးပင် ဖြစ်နေနိုင်ပါသည်။ သိက္ခမ်းမှု မရှိသော သူစိမ်း သို့မဟုတ် သူငယ်ချင်းမိတ်ဆွေ သို့မဟုတ် လူကုန်ကူးခံရသူ၏ဆွေမျိုးသားချင်းလည်း ဖြစ်နေနိုင်ပါသည်။

- အသွားအလာနှင့် လူစုလူဝေးပြုလုပ်မှုများကန့်သတ်ထားခြင်းကြောင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုပုံစံ သို့မဟုတ် နည်းလမ်းများ အပြောင်းအလဲရှိနိုင်ပါသည်။ ဥပမာ- ဆိုရှယ်မီဒီယာများမှတစ်ဆင့် လူကုန်ကူးမှု သို့မဟုတ် အွန်လိုင်းပေါ်တွင် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ လူကုန်ကူးမှုကဲ့သို့ အွန်လိုင်းကို အခြေခံသည့် ခေါင်းပုံဖြတ်မှုပုံစံသို့ ကူးပြောင်းလာနိုင်ပါသည်။

- အကျပ်အတည်းကြောင့် ကလေးသူငယ်များအပေါ်တွင် ဘက်ပေါင်းစုံမှ သက်ရောက်မှုများ ရှိလာနိုင်သည်ဖြစ်ရာ ကလေးသူငယ်များကို အွန်လိုင်းပေါ်တွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ မိဘနှစ်ဦး သို့မဟုတ် တစ်ဦးနှင့်/ သို့မဟုတ်ကြည့်ရှုစောင့်ရှောက်သူများထံမှ လိမ်လည်ခေါ်ဆောင်သွားခြင်း အစရှိသည့်အခြေအနေများကို ဖြစ်စေနိုင်ပြီး ကလေးသူငယ်များအတွက် လူကုန်ကူးခံရနိုင်ခြင်းနှင့် ကလေးလုပ်သားနှင့် သက်ငယ်ထိမ်းမြားမှုနှုန်း မြင့်မားခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။

## လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်းတို့အပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများ

### လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း

- ကိုဗစ်-၁၉ ကာလတွင် အသွားအလာကန့်သတ်ထားရှိခြင်း၊ နယ်စပ်ဝင်/ ထွက်ပေါက်များပိတ်ထားခြင်းနှင့် စီးပွားရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ပိတ်သိမ်းထားခြင်းတို့ကြောင့် ဘေးကင်းလုံခြုံသော ပုံမှန်နည်းလမ်းဖြင့် ရွှေ့ပြောင်းသွား


IOM UN MIGRATION
unicef for every child

လာရန် လုပ်ဆောင်နိုင်သည့် နည်းလမ်းများအပေါ် သက်ရောက်မှုရှိပါသည်။ သို့ဖြစ်ရာ ဘေးကင်းလုံခြုံသည့် ပုံမှန်နည်းလမ်းဖြင့် ရွှေ့ပြောင်းသွားလာမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များမှာ အကန့်အသတ်ရှိခြင်း၊ အချိန်ကာလနှင့် လျော်ညီမှုမရှိတော့ခြင်းနှင့် အသုံးမဝင်တော့ခြင်းမျိုး ဖြစ်လာနိုင်ပါသည်။

## လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း

- သာမန်အချိန်များတွင်ပင် လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပါ။ အဆိုပါ လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ဖော်ထုတ်သတ်မှတ်သည့်လုပ်ငန်းစဉ်နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများသို့ တစ်ဆက်တည်း ရည်ညွှန်းလွှဲပြောင်းခြင်း လုပ်ငန်းတာဝန်များကို ကိုဗစ်-၁၉ က ပိုမိုခက်ခဲစေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အသွားအလာကန့်သတ်ထားရှိခြင်း၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် အရာများ အပြောင်းအလဲရှိခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ဖော်ထုတ် သတ်မှတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် လူမှုရေးဝန်ဆောင်မှုများကို ရပ်ဆိုင်းထားရခြင်းများကြောင့် ဖြစ်ပါသည်။
- အသွားအလာကန့်သတ်ခံရခြင်းများနှင့် ထိန်းသိမ်းစောင့်ကြပ်ကြည့်ရှုမှုအောက်တွင် နေရခြင်းတို့သည် လူကုန်ကူးခံရသူကို ထီးတည်းဖြစ်စေပြီး ၎င်းတို့အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရမှု သို့မဟုတ် အကြမ်းဖက်ခံရမှု အခြေအနေများကို သတင်းပို့ရန်နှင့် ၎င်းတို့ကို တစ်စုံတစ်ဦးက ဖော်ထုတ်တွေ့ရှိပြီး အဆိုပါ ခေါင်းပုံဖြတ်ခံထားရသည့် အခြေအနေမှ ကယ်ထုတ်သွားနိုင်ရန် အခွင့်အလမ်းနည်းပါးစေနိုင်ပါသည်။
- အရင်းအမြစ်များကို အလွန်အမင်း အသုံးချနေရခြင်းနှင့် သီးသန့်နေစေခြင်း/ အသွားအလာ ကန့်သတ်ထားရှိခြင်းတို့၏ လိုအပ်ချက်များကြောင့် လူကုန်ကူး ခံရသူများကဲ့သို့ ထိခိုက်လွယ်အုပ်စုများအား ဂေဟာတွင် ချက်ချင်းနေရာချထားပေးခြင်း သို့မဟုတ် အခြားကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းတို့ကို မလုပ်ဆောင်နိုင်ခြင်းမျိုး ဖြစ်နိုင်ပါသည်။ ထို့ပြင်အချိန်ကြာမြင့်စွာ စောင့်ကြပ်ကြည့်ရှုနေ

ခြင်း၊ သီးခြားထီးတည်းနေစေခြင်းနှင့် နေ့စဉ်ဘဝတွင် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာ နေရခြင်းစသော ကပ်ရောဂါထိန်းချုပ်ရေး အစီအမံများသည် လူကုန်ကူးခံရသူ၏ စိတ်ပိုင်းဆိုင် ရာကျန်းမာရေးအပေါ် ထိခိုက်စေနိုင်ပါသည်။

- ၎င်းတို့၏ ထိခိုက်လွယ်မှုအခြေအနေကြောင့် လူကုန်ကူးခံရသူများသည် အန္တရာယ်အခြေအနေ မြင့်မားသည့် ပတ်ဝန်းကျင်တွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ဖိအားဖြစ်စေနိုင်ပြီး ထိုသို့သောအကြောင်းတရားများက ရောဂါပိုးကူးစက်နိုင်ခြင်း၊ ရောဂါ ကြိုတင်တားဆီး ကာကွယ်ရန်အတွက် အကာအကွယ်ပစ္စည်းများ မရှိခြင်းနှင့် နာမကျန်းဖြစ်လျှင် ပြန်လည်နာလန်ထူလာနိုင်ရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။
- လုပ်သားဈေးကွက် ပြတ်တောက်ခြင်းကြောင့် လူကုန်ကူးခံရသူများထံမှ အကျိုးအမြတ်ရရှိရေး လုပ်ဆောင်ရန် မဖြစ်နိုင်သူ သို့မဟုတ် အသွားအလာကန့်သတ်ခံရသည့် ကာလအတွင်း စိတ်ဖိစီးမှုခံစားနေရသူ လူကုန်ကူးသူများ၏ လက်ထဲတွင် ရောက်နှင့်နေသည့် လူကုန်ကူးခံရသူများသည် အကြမ်းဖက်ခံရနိုင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရနိုင်ခြင်း ကြုံတွေ့နိုင်ခြေ ပိုမိုမြင့်မားပါသည်။
- ကိုဗစ်-၁၉ သည် လူကုန်ကူးခံရသူများကို အကူအညီပေးခြင်းနှင့် အထောက်အပံ့ပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများအပေါ်တွင်လည်း အဟန့်အတားများဖြစ်စေနိုင်ပါသည်။ လူကုန်ကူးခံရသူများကို ကယ်တင်ခြင်းလုပ်ငန်းများ၊ စောင့်ရှောက်ရေးဂေဟာများ၊ လူကိုယ်တိုင်တွေ့ဆုံ၍ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ဥပဒေရေးရာဝန်ဆောင်မှုများ အပါအဝင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တုံ့ပြန်မှုများကို ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသူ များအနေဖြင့် အကန့်အသတ်များ ကြုံတွေ့နိုင်ပါသည်။
- လူကုန်ကူးခံရသူများအနေဖြင့် ကူညီထောက်ပံ့မှုနှင့် စောင့်ရှောက်မှုများ မရရှိသဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုကို နောက်ထပ်ကြုံတွေ့နိုင်သည့် အန္တရာယ်အခြေအနေမြင့်မားပါသည်။

## ဝန်ဆောင်မှုပေးသူများအနေဖြင့် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများ

- ကိုဗစ်-၁၉ ကာလအတွင်း လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်သည့် ဝန်ဆောင်မှုများပံ့ပိုးပေးရာတွင်(အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု၊ စောင့်ရှောက်ရေးဂေဟာ၊ အစားအစာ၊ စိတ်ပိုင်းဆိုင်ရာအရေးပေါ်အကူအညီ၊ အဝတ်အစား၊ တစ်ကိုယ်ရည်သုံးပစ္စည်းများနှင့် သယ်ယူပို့ဆောင်မှု)တို့အပါအဝင် အထူးသဖြင့် လတ်တလော/အရေးပေါ်အကူအညီများကို လူကုန်ကူးခံရသူများ ရရှိစေရေးကို ရေရာသေချာစေရပါမည်။
- လူကုန်ကူးခံရသူ ဟုတ်/မဟုတ် စီစစ်သတ်မှတ်ခြင်းနှင့် နောက်ဆက်တွဲထောက်ပံ့မှုများဆောင်ရွက်နိုင်ရန်အတွက် လူတွေ့မေးမြန်းခြင်းကို လုပ်ဆောင်ရန် မဖြစ်နိုင်လျှင် စီစစ်သတ်မှတ်ခြင်းနှင့် သတင်းပို့ခြင်းအတွက် အခြားနည်းလမ်းများ၊ ဥပမာ- အရေးပေါ်ဖုန်းလိုင်း၊ အွန်လိုင်း သို့မဟုတ် ဆိုရှယ်မီဒီယာ နည်းလမ်းများကို အစားထိုး စဉ်းစားနိုင်ပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ရပ်ရွာအခြေပြုနှင့်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် သီးသန့်ထားစောင့်ကြပ်ကြည့်ရှုသော နေရာများမှ စီမံအုပ်ချုပ်သူများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ထမ်းများကို ပေါင်းစပ်ဖွဲ့စည်းပြီး ၎င်းတို့အနေဖြင့် လူကုန်ကူးခြင်းနှင့်ပတ်သက်သည့် လက္ခဏာရပ်များကို နားလည်သဘောပေါက်ခြင်း/ဖော်ထုတ်သတ်မှတ်နိုင်ခြင်းနှင့် အလားအလာရှိသည့်လူကုန်ကူးမှုဖြစ်ရပ်များကို ခွဲခြားဖော်ထုတ်နိုင်ခြင်းကို ရေရာသေချာစေရပါမည်။
- ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းသွားလာသူအများအပြားရှိနေသည့် သီးသန့်ထားစောင့်ကြပ်ကြည့်ရှုသောနေရာများနှင့် ရပ်ရွာများတွင် မိမိတို့အဖွဲ့အစည်းကို ဆက်သွယ်နိုင်မည့်လိပ်စာအသေးစိတ်၊ ဆိုရှယ်မီဒီယာ သို့မဟုတ် အကူအညီ တောင်းခံနိုင်သည့် ဖုန်းလိုင်းနံပါတ်ကို ဖြန့်ဝေပေးထားရပါမည်။
- လူကုန်ကူးခံရသူများထားရှိရာ ဂေဟာများရှိ လူကုန်ကူးခံရသူများနှင့် ဝန်ထမ်းများအနေဖြင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် ကိုဗစ်- ၁၉ တားဆီးကာကွယ်ရေးဆိုင်ရာသတင်းအချက်အလက်များ၊ ပိုးသတ်ဆေးပစ္စည်းများ၊ တစ်ကိုယ်ရည်သုံး/ နေ့စဉ်သုံး

ပစ္စည်းများ၊ တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ (နှာခေါင်းစည်းနှင့်လက်အိတ်များ) နှင့် စွန့်ပစ်ပစ္စည်းများအတွက် တန်ဆာပလာများ အစရှိသည်တို့ကို အရေးပေါ် ဖြန့်ဝေရန် စီစဉ်ရပါမည်။

- ထို့အပြင် လူကုန်ကူးခံရသူများ နေထိုင်အလုပ်လုပ်ကိုင်နိုင်သည့်နေရာများ (ဥပမာ- အနှိပ်ခန်းများ၊ ကာရာအိုကေဘားများ၊ ပြည့်တန်ဆာခန်းများ၊ စက်ရုံများ၊ စိုက်ခင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် လုပ်အားခေါင်းပုံဖြတ်မှုများရှိနေနိုင်သည့် အခြားလုပ်ငန်းများမှ အလုပ်သမားများ/ဝန်ထမ်းများ) အား ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် တားဆီးကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ပိုးသတ်ဆေးပစ္စည်းများ၊ ရေကောင်းရေသန့်နှင့် သန့်ရှင်းရေးပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် တန်ဆာပလာများ ဖြန့်ဝေခြင်းကို စီစဉ်ဆောင်ရွက်ရပါမည်။
- လက်ရှိကျင့်သုံးနေသည့် တရားဝင်/ အလွတ်သဘော ရည်ညွှန်းလွှဲပြောင်းရေးဆိုင်ရာ ယန္တရားများကို ပြန်လည်သုံးသပ်ပြီး အဆိုပါရည်ညွှန်းလွှဲပြောင်းခြင်း၊ ဝန်ဆောင်မှု ပံ့ပိုးခြင်းနှင့် အချိန်နှင့်တပြေးညီဆက်သွယ်မှုများဆောင်ရွက်ခြင်းလုပ်ငန်းများကို တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေရမည့် အစီအမံများနှင့် ဖြစ်နိုင်ခြေရှိသော လျှော့ချလုပ်ကိုင်ရမည့် လုပ်ငန်းများကို ထည့်သွင်းစဉ်းစားလျက် မည်သို့ဆက်လက် လုပ်ဆောင်နိုင်ကြောင်း နားလည်အောင် လုပ်ဆောင်ရပါမည်။
- ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ဖြစ်ရပ်စီမံခန့်ခွဲမှုကဲ့သို့သော ဝန်ဆောင်မှုများကို အွန်လိုင်း/အဝေးမှ ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်မည့် ရည်ညွှန်းလွှဲပြောင်းနိုင်သောနေရာများနှင့် ၎င်းတို့ကိုဆက်သွယ်နိုင်မည့်လိပ်စာများ၏ အသေးစိတ်စာရင်းကို သင့်အဖွဲ့အစည်းအနေဖြင့် အချိန်နှင့်တပြေးညီ ပြင်ဆင်ထားရှိခြင်းကို ရေရာသေချာစေရပါမည်။
- သီးခြားနေထိုင်ရခြင်းကြောင့် လူကုန်ကူးခံရသူများ၏ စိတ်ကျန်းမာရေးအပေါ် စိတ်ဖိစီးမှုအဆင့်နှင့် သက်ရောက်မှုရှိသည်ဖြစ်ရာ စိတ်ကျန်းမာရေးနှင့် စိတ်-လူမှုဆိုင်ရာ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများသို့ ရည်ညွှန်းလွှဲ ပြောင်းပေးနိုင်သည့် နေရာများစာရင်းကို သင့်အဖွဲ့အစည်းအနေဖြင့် အချိန်နှင့်တပြေးညီ ပြင်ဆင်ထားရှိခြင်းကို ရေရာသေချာစေရပါမည်။

## ဖြစ်ရပ်စီမံဆောင်ရွက်သူများအတွက် လက်တွေ့လမ်းညွှန်

အောက်ဖော်ပြပါ လက်တွေ့လမ်းညွှန်သည် ပြန်လည်ခေါ်ယူခြင်း၊ စောင့်ရှောက်ရေး ဂေဟာတွင် နေရာချထားခြင်း၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်း စည်းခြင်း အစရှိသည့် လူကုန်ကူးခံရသူများကို အကူအညီပေးနေသည့် လုပ်ငန်းစဉ် တစ်ဆင့်ချင်းစီကို လုပ်ဆောင်ရာတွင် ဖြစ်ရပ်စီမံဆောင်ရွက်သူများအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ဖြစ်ရပ်စီမံဆောင်ရွက်သူများသည် လူကုန်ကူး ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအမံများကို သိရှိထားပြီး လိုက်နာကျင့်သုံးလျက်ရှိကြောင်းကိုလည်း ရေရာသေချာစေ ရပါမည်။

## ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများ

- အစိုးရ၏ လက်ရှိအကြံပြုချက်များ အရ အပြင်ထွက်တိုင်း နှာခေါင်းစည်း တပ်သင့်ပါသည်။ ဤလမ်းညွှန်ချက် ကို လိုက်နာခြင်းဖြင့် သင်နှင့် လူကုန် ကူးခံရသူတို့ တွေ့ဆုံချိန်များအတွင်း သင်ကိုယ်တိုင်နှင့် လူကုန်ကူးခံရသူ အတွက်ရောဂါကူးစက်မှုကို ကာကွယ် နိုင်ပါသည်။
- ဆပ်ပြာနှင့် ရေကို အသုံးပြုပြီး လက်ကို ခဏခဏဆေးပါ။ ဆပ်ပြာမရနိုင်ပါက အရက်ပြန် ပါဝင်သည့် လက်သန့် ဆေးရည်ကို ပိုးသတ်ရန်အတွက် အသုံးပြုနိုင်ပါသည်။
- ဆပ်ပြာနှင့် ရေကို အသုံးပြုပြီး လက်ကို မကြာခဏဆေးပါ။ ဆပ်ပြာမရနိုင်ပါက အရက်ပြန်ပါဝင်သည့် လက်သန့်ဆေးရည်ကိုပိုးသတ်ရန်အတွက် အသုံး ပြုနိုင်ပါသည်။
- ချောင်းဆိုးနှာချေသည့်အခါ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ်ကွေး သို့မဟုတ် တစ်ရှူးဖြင့်ပိတ်၍ဆိုးပါ။ အသုံးပြုပြီးသား တစ်ရှူးကို အမှိုက်ပုံးထဲသို့ စွန့်ပစ်ပါ။ လက်နှင့်ကာ၍ နှာချေ/ ချောင်းဆိုးပါက လက်ကို မည်သည့် အရာနှင့်မျှ မထိတွေ့စေဘဲ ရေနှင့် ဆပ်ပြာကိုအသုံးပြုပြီး ချက်ချင်း ဆေး ကြောပါ။



IOM UN MIGRATION

unicef for every child

- ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် ကိုယ်အပူချိန်တက်ခြင်း အပါအဝင် ဖျားနာခြင်းရောဂါ လက္ခဏာရှိသူများ နှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။ ထိုသို့ခံစားနေရသူကို ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အကြံပြုချက်များရယူရန်နှင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ရန် တိုက်တွန်းပါ။
- တစ်ဦးနှင့် တစ်ဦး အနည်းဆုံး ၂-မီတာ (၆-ပေ) အကွာတွင် နေပါ။
- ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်နှံ့ခြင်းမှ ကာကွယ်ရန် မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့အား ထိတွေ့ကိုင်တွယ်မှုကို ရှောင်ကြဉ်ပါ။
- သင့်အနေဖြင့် အဖျားရှိခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း တို့ကို ခံစားနေရပါက ကျန်းမာရေး စောင့်ရှောက်မှု ခံယူပါ။ ယင်းသို့ လုပ်ဆောင်ခြင်းသည် သင့်ကိုယ်သင် စောင့်ရှောက်ရန်နှင့် သင့်မိသားစုနှင့် အခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန်အတွက်အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။ ပထမဆုံး ဆရာဝန်ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ သင်၏ ရောဂါလက္ခဏာများကို အသိပေးခြင်းဖြင့် အခြားသူများကို ရောဂါကူးစက်မှု မရှိစေရေး ရေရာသေချာစေရပါမည်။

## ၁။ စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သီးသန့်ထားရှိ စောင့်ကြည့်သည့်နေရာများသို့ မပို့ဆောင်မီနှင့် အဆိုပါနေရာများတွင် နေထိုင်စဉ်ကာလ

ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများကို လက်ခံပြီးနောက် လက်ရှိချမှတ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာလိုက်နာရမည့် အစီအမံများအရ လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသူများအတွက် စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသတ်မှတ်ထားသောနေရာများတွင် စီစဉ်ထားသော သီးသန့်ထားစောင့်ကြည့်သည့် နေရာတစ်ခုတွင် နေထိုင်ရပါမည်။

- လူကုန်ကူးခံရသူအနေဖြင့် သီးသန့်ထားစောင့်ကြည့်သည့်နေရာသို့ မဝင်ရောက်မီ ဖြစ်ရပ်စီမံဆောင်ရွက်သူမှ လူကုန်ကူးခံရသူအား အောက်ပါအချက်များကို ရှင်းပြထားရန်လိုအပ်ပါသည်။ ၎င်းအချက်များတွင် လူကုန်ကူးခံရသူသည် နေအိမ်သို့ မပြန်ရသေးဘဲ သီးသန့်ထားစောင့်ကြည့်သည့်နေရာ၌ မည်သည့်အတွက်ကြောင့် နေရကြောင်း၊ ၎င်းတို့အနေဖြင့် မည်သည့်အရာများကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အဆိုပါနေရာတွင် ၎င်းတို့အနေဖြင့် မည်မျှကြာနေထိုင်ရမည်ဖြစ်ကြောင်းနှင့် အကယ်၍ သိရှိထားပါက သီးသန့်ထား စောင့်ကြည့်သည့်နေရာတွင် ၎င်းတို့အား စောင့်ရှောက်ပေးမည့်သူမှာ မည်သူဖြစ်ကြောင်း အစရှိသည်တို့ပါဝင်ပါသည်။
- အထက်တွင်ဖော်ပြခဲ့သော ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို လိုက်နာရန် အသိပေးရပါမည်။
- အကယ်၍ လူကုန်ကူးခံရသူ၌ အဖျားရှိခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်းတို့ကို ခံစားနေရပါက စောင့်ရှောက်ရေးဂေဟာဝန်ထမ်းကို ချက်ချင်း အသိပေးရပါမည်။
- လူကုန်ကူးခံရသူ၌ ကိုဗစ်-၁၉ နှင့်ပတ်သက်သောလက္ခဏာများတွေ့ရှိရခြင်း သို့မဟုတ် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိရခြင်းတို့ဖြစ်လာပါက ကြောက်ရွံ့ထိတ်လန့်စရာ မလိုဘဲ ၎င်းတို့အား ဆေးကုသမှုခံယူရန်အတွက် ဆေးရုံသို့ပို့ဆောင်ပေးပါလိမ့်မည်။ ကိုဗစ်-၁၉ ပိုး ကင်းစင်ပြီး ပြန်လည်ကျန်းမာကောင်းမွန်လာသူ အများအပြားရှိပါသည်။
- ဆက်သွယ်ရမည့် လိပ်စာအသေးစိတ်နှင့် အရေးပေါ်ဖုန်းနံပါတ်တို့ကို လူကုန်ကူးခံရသူအား ပေးထားပါ။
- သီးသန့်ထား စောင့်ကြည့်သည့်နေရာတွင် ရှိနေစဉ်အတွင်း ဖြစ်ရပ်စီမံဆောင်ရွက်သူအနေဖြင့် လူကုန်ကူးခံရသူနှင့်တွေ့ဆုံခွင့် မရှိသောကြောင့် ထိုကာလအတွင်း နောက်ဆက်တွဲမေးမြန်းမှု ဆောင်ရွက်ရာတွင် တယ်လီဖုန်းဖြင့်သာဆက်သွယ်ရပါမည် (လူကုန်ကူးခံရသူများနှင့် နောက်ဆက်တွဲမေးမြန်းမှုများကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လိုက်နာရမည့် လမ်းညွှန်ကို အောက်တွင် တွေ့ရှိနိုင်ပါသည်။)

- ကိုဗစ်-၁၉ ရောဂါအန္တရာယ်လျော့ချနိုင်ရေးနှင့်ပတ်သက်သည့် အရေးကြီးသောသတင်းစကားများကို လူကုန်ကူးခံရသူများအား မည်သို့ အသိပေးသင့်ကြောင်း စောင့်ရှောက်ရေးဂေဟာဝန်ထမ်းများအနေဖြင့် သင်တန်းရရှိထားရန်လိုအပ်ပါသည်။ ဝန်ထမ်းများသည် ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ရန်လိုအပ်ပြီး လူကုန်ကူးခံရသူ၏ ကျန်းမာရေးအခြေအနေကို စောင့်ကြပ်ကြည့်ရှုလျက် အကယ်၍ ၎င်းတို့တွင် သံသယဖြစ်ဖွယ်လက္ခဏာ တစ်စုံတစ်ရာတွေ့ရှိပါက ကုသမှုခံယူရန်အတွက် သတ်မှတ်ထားသောဆေးရုံ/နေရာသို့ ရည်ညွှန်းလွှဲပြောင်းပေးရပါမည်။

## ၂။ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်း

ဤအဆင့်တွင် ဖြစ်ရပ်စီမံဆောင်ရွက်သူသည် မိသားစုဝင် သို့မဟုတ် စောင့်ရှောက်သူများကို အောက်ဖော်ပြပါအချက်များကို ရှင်းပြသင့်ပါသည်-

- အထက်တွင်ဖော်ပြထားသည့် ကိုဗစ်-၁၉ ဆိုင်ရာကြိုတင်ကာကွယ်ရေးအစီအမံများကို လိုက်နာဆောင်ရွက်ရန် ရှင်းပြပါ။
- ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာကြိုတင်ကာကွယ်ရေး အစီအမံများကို အသိပေးပါ။
- လူကုန်ကူးခံရသူသည် ဆက်လက်၍ ၎င်း၏နေအိမ်တွင် သီးသန့်ထားစောင့်ကြည့် နေထိုင်ရန် သို့မဟုတ် တစ်ဦးတည်း သီးခြားခွဲ၍ နေထိုင်ရန် လိုအပ်ပါက မိသားစုဝင်များနှင့် လူကုန်ကူးခံရသူများအနေဖြင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ဆေးရုံ နှင့်/သို့မဟုတ် ကျန်းမာရေးဝန်ထမ်းများက ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ရှင်းပြပါ။
- လူကုန်ကူးခံရသူ၏ မိသားစုနှင့် ၎င်းကိုယ်တိုင်အား ဆက်သွယ်နိုင်မည့် လိပ်စာအသေးစိတ် သို့မဟုတ် အရေးပေါ်ဖုန်းနံပါတ်ကို ပေးထားပါ။

## ၃။ နောက်ဆက်တွဲစောင့်ရှောက်မှုကာလ

လူကုန်ကူးခံရသူသည် ၎င်း၏ဇာတိနေရပ်သို့ ပြန်လည်ရောက်ရှိ၍ မိသားစုနှင့် ပြန်လည်ပေါင်းစည်းပြီးနောက် သို့မဟုတ် အခြားနေရာသစ်တစ်ခုသို့ ရောက်ရှိနေထိုင်ပြီးနောက် တစ်ပတ် သို့မဟုတ် နှစ်ပတ်အကြာတွင် ဖြစ်ရပ်စီမံဆောင်ရွက်သူအနေဖြင့် လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုဝင်များ၏ အခြေအနေကို အကဲဖြတ်ရန်နှင့် ၎င်းတို့၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လူကုန်ကူးခံရသူနှင့်ဆွေးနွေးနိုင်ရန်အတွက် လူကုန်ကူးခံသူကို နောက်တစ်ကြိမ် လူကိုယ်တိုင်သွားရောက် တွေ့ဆုံရန် အကြံပြုထားပါသည်။ အမှန်တကယ် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ထိခိုက်လွယ်သူများအား လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်းကို လုပ်ဆောင်ရမည်မှာ စံတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် လူကုန်ကူးခံရသူများကိစ္စတွင် ၎င်းတို့နှင့် ယုံကြည်မှုတည်ဆောက်ရန်၊ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးအခြေအနေကို အကဲဖြတ်ဆန်းစစ်ရန်နှင့် စိတ်လူမှုဆိုင်ရာနှင့် အရေးပေါ်အထောက်အပံ့များ ပံ့ပိုးပေးရန်အတွက် လူကိုယ်တိုင်တွေ့ဆုံခြင်းမှာ အရေးကြီးပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကြောင့် လူကိုယ်တိုင် သွားရောက်တွေ့ဆုံမှုများသည် ရောဂါကူးစက်မှုအန္တရာယ် ကန့်သတ်ထိန်းချုပ်နိုင်ရန်အတွက် လိုက်နာရန်လိုအပ်သည့် ကန့်သတ်ချက်များနှင့် အစီအမံများကြောင့် အခက်အခဲဖြစ်စေနိုင်ပါသည်။

## ၄။ လူကိုယ်တိုင် သွားရောက်တွေ့ဆုံခြင်း

လူကုန်ကူးခံရသူနှင့်/သို့မဟုတ် ၎င်းတို့မိသားစုနှင့် ပထမအကြိမ် လူကိုယ်တိုင်သွားရောက်တွေ့ဆုံရာ၌ ဖြစ်ရပ်စီမံဆောင်ရွက်သူသည် အောက်ပါတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်-

- ဆွေးနွေးမှုမစတင်မီ လူကုန်ကူးခံရသူသည် ကျန်းမာရေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသည့်နေရာတွင် သက်တောင့်သက်သာစွာဖြင့် ၎င်းတစ်ဦးတည်းရှိနေခြင်းဖြစ်ကြောင်း သေချာစေရပါမည်။



IOM UN MIGRATION unicef for every child

- အကျိုးခံစားခွင့်ရှိသူကို သင်ပြောတာထက် ပိုပြီးများများပြောခွင့်ပေးပါ။ ၎င်း၏ပြောပြချက်များနှင့် ပြောဆိုနေစဉ်ခံစားချက်များကို တလေးတစား အာရုံစိုက် နားထောင်၍ ခံစားနားလည်ပေးသည့်အတတ်ပညာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်း တို့နှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုများကို အသုံးချပါ။ အကျိုးခံစားခွင့်ရှိသူနှင့် ပြောဆိုဆက်ဆံရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် စိတ်ရှည်ရှည်ထားရန်နှင့် စကားပြောဆိုရာတွင် ဖြေးဖြေးညင်းညင်းနှင့် ရှင်းလင်းပြတ်သားစွာ ပြောဆိုရပါမည်။
- အထက်တွင်ဖော်ပြထားသည့် ကိုဗစ်-၁၉ ဆိုင်ရာကြိုတင်ကာကွယ်ရေးအစီအမံများကို လိုက်နာဆောင်ရွက်ရန် ရှင်းပြပါ။
- လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုဝင်များ ပြန်လည်ပေါင်းစည်းပြီးနောက် မည်သို့ ခံစားရကြောင်း မေးမြန်းပါ။
- လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုတို့အား နောက်ဆက်တွဲစောင့်ရှောက်မှုအတွက် သွားရောက်တွေ့ဆုံရန် သို့မဟုတ် တယ်လီဖုန်းခေါ်ဆိုရန် အစီအစဉ်ရေးဆွဲပါ။
- လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုဝင်များအား ကိုဗစ်-၁၉ ကြောင့် လာရောက် တွေ့ဆုံမှုအကြိမ်အရေအတွက် နည်းနိုင်ကြောင်းရှင်းပြပါ။ သို့ရာတွင် လူကုန်ကူးခံရသူနှင့် မိသားစုအနေဖြင့် လိုအပ်ပါကဖြစ်ရပ်စီမံဆောင်ရွက်သူထံ တယ်လီဖုန်းဖြင့်ဆက်သွယ် နိုင်ပါသည်။
- ကိုဗစ်-၁၉ ကူးစက်ခံရနိုင်မှုနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကြောင့် ဖြစ်ရပ်စီမံခန့်ခွဲသူအား လူကိုယ်တိုင်လာရောက်တွေ့ဆုံမှု မပြုလုပ်ရန် မိသားစုက တောင်းဆိုပါက ဖြစ်ရပ်စီမံဆောင်ရွက်သူအနေဖြင့် နေအိမ်သို့သွားရောက်တွေ့ဆုံမှုကို ရွှေ့ဆိုင်းသင့်ပြီး သင့်တော်သည့် နောက်ဆက်တွဲစောင့်ရှောက်မှုကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲသင့်ပါသည်။
- လူကုန်ကူးခံရသူအား ဆက်သွယ်နိုင်မည့် လိပ်စာအသေးစိတ် သို့မဟုတ် အရေးပေါ်ဖုန်းနံပါတ်ကို ပေးထားပါ။

## ၅။ အဝေးမှနောက်ဆက်တွဲစောင့်ရှောက်မှုကို တယ်လီဖုန်းဖြင့်ဆောင်ရွက်ခြင်း

- အလွန်အမင်းထိခိုက်ခံစားခဲ့ရသူများအတွက် တယ်လီဖုန်းဆက်သွယ်မှုကို အမြဲတမ်းပြုလုပ်နိုင်ကြောင်း ရေရာသေချာစေရန်နှင့် လူကုန်ကူးခံရသူက သဘောတူညီပါက လိုအပ်သည့်အချိန်တွင် မိသားစုအနေဖြင့် ဖြစ်ရပ်စီမံဆောင်ရွက်သူများထံ တယ်လီဖုန်းခေါ်ဆိုဆက်သွယ်နိုင်ပါသည်။
- ဆွေးနွေးမှုမစတင်မီ လူကုန်ကူးခံရသူသည် ကျန်းမာရေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသည့်နေရာတွင် သက်တောင့်သက်သာစွာဖြင့် ၎င်းတစ်ဦးတည်းရှိနေခြင်းဖြစ်ကြောင်း သေချာစေရပါမည်။
- အကျိုးခံစားခွင့်ရှိသူကို သင်ပြောတာထက် ပိုပြီးများများပြောခွင့်ပေးပါ။ ၎င်း၏ပြောပြချက်များနှင့် ပြောဆိုနေစဉ်ခံစားချက်များကို တလေးတစား အာရုံစိုက် နားထောင်၍ ခံစားနားလည်ပေးသည့်အတတ်ပညာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်းတို့နှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုများကို အသုံးချပါ။ အကျိုးခံစားခွင့်ရှိသူနှင့် ပြောဆိုဆက်ဆံရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် စိတ်ရှည်ရှည်ထားရန်နှင့် စကားပြောဆိုရာတွင် ဖြေးဖြေးညင်းညင်းနှင့် ရှင်းလင်းပြတ်သားစွာ ပြောဆိုပါ။
- အင်တာနက်ချိတ်ဆက်နိုင်သည့်အပြင် အကျိုးခံစားခွင့်ရှိသူအတွက် သက်တောင့်သက်သာရှိပြီး ဘေးကင်းလုံခြုံသော နေရာတစ်နေရာရှိပါက ဗီဒီယိုမှတစ်ဆင့် အပြန်အလှန်စကားပြောနိုင်သည့်နည်းလမ်းကိုအသုံးပြု၍ ယုံကြည်မှုတည်ဆောက်ရပါ။
- ဗီဒီယိုမှတစ်ဆင့် အပြန်အလှန်စကားပြောနိုင်သည့်နည်းလမ်းကို အသုံးပြုရန် မဖြစ်နိုင်ပါက လူကုန်ကူးခံရသူနှင့် ပြောဆိုဆက်ဆံရာတွင် စာနာနားလည်ကြောင်းပြသသည့် စကားအသုံးအနှုန်းများကို အသုံးပြုပါ။ ဆိုလိုသည်မှာ သင့်အနေဖြင့် အခြားသူ၏ ခံစားချက်များကို နားလည်ပြီး မျှဝေခံစားနိုင်ကြောင်းပြသသည့် စကားအသုံးအနှုန်းများကို သုံးစွဲ၍ ပြောဆိုခြင်းဖြစ်ပါသည်။ ဥပမာ- သင့်အနေဖြင့် ၎င်းတို့ပြောပြသည့်အရာများကို နားထောင်နေပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကြားသိကြောင်း ၎င်းတို့အနေဖြင့်

သေသေချာချာသိရှိခံစားရခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် မသေချာသည့် အရာများအတွက် ကတိကဝတ်မပြုဘဲ ၎င်းတို့၏ မျှော်လင့်ချက်များအပေါ် သေချာစွာ ကိုင်တွယ်စီမံရပါမည်။

➢ တယ်လီဖုန်းပြောဆိုဆွေးနွေးမှုကိုအဆုံးမသတ်မီ နောက်ထပ်လုပ်ဆောင်ရမည့်အဆင့်များ၊ ဥပမာ- နောက်ထပ်တစ်ကြိမ် ဖုန်းခေါ်ဆိုမှု/ ချိန်းဆိုမှုတို့ကို ရှင်းပြရပါမည်။

## ၅။ အဝေးမှ အထောက်အပံ့ပေးရာတွင် လူကုန်ကူးခံရသူ၏ အချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့နှင့်စပ်လျဉ်း၍ အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များ

➢ ဖြစ်ရပ်စီမံဆောင်ရွက်သူသည် လူကုန်ကူးခံရသူ၏ သဘောတူခွင့်ပြုချက်ကို တယ်လီဖုန်းမှတစ်ဆင့် ရယူထားရပါမည်။ သဘောတူခွင့်ပြုချက်ရန် ဖြစ်ရပ်စီမံဆောင်ရွက်သူသည် ခွင့်ပြုသည့် သဘောတူညီချက်ကို လိုက်လံရေးမှတ်ခြင်း သို့မဟုတ် တယ်လီဖုန်းဖြင့် အသံဖမ်းယူခြင်း ပြုလုပ်ရပါမည်။ ထိုသို့ပြုလုပ်ရာတွင် သဘောတူခွင့်ပြုချက်၌ ပါရှိသည့် စာသား (နှင့် ရက်စွဲ/အချိန်)ကို အကျိုးခံစားခွင့်ရှိသူအား ဖတ်ပြရန်လိုအပ်ပြီး သူ/သူမအနေဖြင့် ယင်းစာသားများကို နားလည်ကြောင်းနှင့် သဘောတူညီကြောင်း ပြောဆိုသင့်ပါသည်။ အသံဖမ်းယူခြင်းအတွက် သဘောတူညီမှုဆိုရာတွင် နှစ်သိမ့်ဆွေးနွေးအကြံပေးသည့်အချိန်တစ်လျှောက်လုံးကို အသံဖမ်းယူရန် လိုအပ်ကြောင်း ဆိုလိုခြင်းမဟုတ်ပါ။

➢ ဖြစ်ရပ်စီမံဆောင်ရွက်သူအနေဖြင့် လူကုန်ကူးခံရသူနှင့် တယ်လီဖုန်းပြောဆိုမှုများ လုပ်ဆောင်သည့်နေရာတွင် အချက်အလက်များလျှို့ဝှက်ထိန်းသိမ်းထားရှိမှုကို ရေရာသေချာစေရန်အတွက် လိုအပ်သော ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကိုယ်ရေး ကိုယ်တာ လုံခြုံမှုဆိုင်ရာအစီအမံများ ဆောင်ရွက်ထားရှိရပါမည်။

➢ တယ်လီဖုန်းပြောဆိုရာတွင် ဖြစ်ရပ်စီမံဆောင်ရွက်သူနှင့် လူကုန်ကူးခံရသူ နှစ်ဦးတည်းသာ ဆက်သွယ်ပြောဆိုနေခြင်းဖြစ်သည့်အတွက် လုံခြုံရေးနှင့် လျှို့ဝှက်ထိမ်းသိမ်းမှုကို

အာမခံကြောင်း လူကုန်ကူးခံရသူအား အသိပေးရပါမည်။ စကားပြန်လိုအပ်သည့် ဖြစ်ရပ်တွင် လူကုန်ကူးခံရသူ၏ သဘောတူညီချက်ရယူရန် လိုအပ်ပြီး စကားပြန်အနေဖြင့် အချက်အလက်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလမ်းညွှန်ချက်များကို သိရှိကြောင်း ရေရာသေချာစေရပါမည်။

- ➤ လျှို့ဝှက်သတင်းအချက်အလက်များကို ရေးမှတ်ထားခြင်း သို့မဟုတ် တယ်လီဖုန်းမက်ဆေ့ချ်များမှတစ်ဆင့် မျှဝေခြင်း မပြုလုပ်ရပါ။
- ➤ ဖြစ်ရပ်ဆိုင်ရာကြီးကြပ်သူများ သို့မဟုတ် အခြားဝန်ဆောင်မှုပေးသူများအား တယ်လီဖုန်းမှတစ်ဆင့် သတင်းအချက်အလက်များ မျှဝေရသည့်အခါ ဖြစ်ရပ်အမှတ်စဉ်နံပါတ်ကိုသာ အသုံးပြုရပါမည်။
- ➤ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုထားသည့်စကားများကို အသံဖမ်းယူခြင်း မပြုလုပ်သင့်ပါ/ အသံဖမ်းရန် လိုအပ်ပါက လူကုန်ကူးခံရသူကို အကြောင်းကြားပြီး အသံဖမ်းယူခွင့်ပြုရန် သဘောတူခွင့်ပြုချက် ရယူရမည့်အပြင် မည်သည့်အတွက်ကြောင့် အသံဖမ်းရန် လိုအပ်ကြောင်း ဖြေရှင်းချက်ပေး၍ ဖြစ်ရပ်ကြီးကြပ်သူထံမှ သဘောတူ ခွင့်ပြုချက်တောင်းခံရယူရပါမည်။
- ➤ ဆက်သွယ်မှု သို့မဟုတ် သတင်းအချက်အလက်မျှဝေမှုများ လုပ်ဆောင်ရာတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများ (ဥပမာ- facebook) ၌ လွတ်လပ်စွာ ဖော်ပြခြင်းမပြုလုပ်သင့်ပါ။ ဖြစ်နိုင်ပါက WhatsApp သို့မဟုတ် VIBER သို့မဟုတ် အခြားဆက်သွယ်ရေးအပ်ပလီကေးရှင်းများကဲ့သို့ သီးခြားကိုယ်ရေးကိုယ်တာစာ ပေးပို့နိုင်သည့် အပ်ပလီကေးရှင်းများကို အသုံးပြုနိုင်ပါသည်။
- ➤ ဖြစ်ရပ်စီမံဆောင်ရွက်သူများသည် တတ်နိုင်သမျှ ဖြစ်ရပ်ဖောင်ပုံစံများကိုအသုံးပြုပြီး သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ မှတ်တမ်းရေးသင့်ပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားထားသည့် အသံဖိုင်များနှင့် မက်ဆေ့ချ်များကို အမြန်ဆုံးဖျက်ပစ်ရပါမည်။

## ၆။ အသက် ၁၈ နှစ်အောက် လူကုန်ကူးခံရသူဖြစ်ပါက ဖြစ်ရပ်စီမံဆောင်ရွက်သူသည် အထက်ဖော်ပြပါအချက်များအပြင် အောက်ပါတို့ကိုလည်း လိုက်နာကျင့်သုံးရပါမည်

- မည်သည့်အခြေအနေမျိုးတွင်မဆို "ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား"ကို ထည့်သွင်းစဉ်းစားရန်။
- အထက်ဖော်ပြပါ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို ကလေးသူငယ်၏ အသက်အရွယ်နှင့် လိုက်လျောညီထွေရှိသော အသုံးအနှုန်းဖြင့် ရှင်းပြရန်။
- သီးသန့်ထားစောင့်ကြည့်သည့်နေရာတွင် နေထိုင်နေရသည့် လူကုန်ကူးခံရသူ ကလေးသူငယ်များ၏ အခြေအနေကို ၎င်းတို့၏ အုပ်ထိန်းသူ သို့မဟုတ် မိဘများထံသို့ ပုံမှန်အကြောင်းကြားရန်။
- သီးသန့်ထားစောင့်ကြည့်သည့်နေရာတွင် နေထိုင်နေရသည့် လူကုန်ကူးခံရသူ ကလေးသူငယ်များအား ၎င်းတို့၏ အုပ်ထိန်းသူ သို့မဟုတ် မိဘများနှင့် ပုံမှန်ဆက်သွယ်မှု ပြုလုပ်နိုင်စေရန်။
- သီးသန့်ထားစောင့်ကြည့်သည့်နေရာတွင်နေထိုင်နေရသည့် ကလေးသူငယ် လူကုန်ကူးခံရသူအတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာ အထောက်အပံ့ ဝန်ဆောင်မှုများ ရရှိနိုင်ရေး ရေရာသေချာစေရန်။
- သီးသန့်ထားစောင့်ကြည့်သည့်နေရာတွင် ကစားစရာများ၊ အရောင်ခြယ်သရန်စာအုပ်များ အစရှိသည်တို့ကို ထားရှိပေးခြင်းဖြင့် ကလေးသူငယ်အတွက် ရင်းနှီးကျွမ်းဝင်သောပတ်ဝန်းကျင်ဖြစ်စေရေး သေချာစေရန်။
- မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းမပြုမီ ကလေးသူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေး အထောက်အပံ့ပေးရန်။
- တွေ့ဆုံခြင်း သို့မဟုတ် မေးမြန်းခြင်း သို့မဟုတ် တယ်လီဖုန်းခေါ်ဆိုခြင်း မပြုလုပ်မီ ကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုထံမှ သဘောတူခွင့်ပြုချက် ရယူရန်။

- သီးသန့်ထားစောင့်ကြည့်သည့်နေရာမှ ပြန်ခွင့်ရသောကလေးသူငယ်အား မိသားစုနှင့် ချက်ချင်း ပြန်လည်ပေါင်းစည်းနိုင်ရေး ရေရာသေချာစေရန်။

## ရည်ညွှန်းကိုးကားချက်များ

- Guidance on TIP considerations during the COVID-19 pandemic, March 2020, Global Protection Cluster
- Impact of the COVID-19 Pandemic on Trafficking in Persons, Preliminary findings and messaging based on rapid stocktaking, UNODC, available here:
- https://reliefweb.int/report/world/impact-covid-19-pandemic-trafficking-persons-preliminary-findings-and-messaging-based
- COVID-19 Analytical Snapshot #14: Human trafficking, IOM
- Child Protection Case Management Guidance during COVID-19 developed by UNICEF, Myanmar
- Aggravating circumstances: How coronavirus impacts human trafficking